# ၁၉၅၁ ခုနှစ်၊ ခွင့်ရက်နှင့်အလုပ်ပိတ်ရက် အက်ဥပဒေ

## ရည်ရွယ်ချက်

အလုပ်သမားများအား အားလပ်ရက်၊ နားရက်များ ခံစားနိုင်ရေး၊ ကျန်းမာရေးနှင့် သာရေး၊ နာရေးကိစ္စများ ဆောင်ရွက်နိုင်ရန်အလို့ငှာ ပြဋ္ဌာန်းထားခြင်းဖြစ်ပါသည်။

## ဥပဒေနှင့်အကျုံးဝင်သောအလုပ်သမားများ(ပုဒ်မ ၂ (၄) ဇယား )

- အလုပ်ရုံများအက်ဥပဒေ၊ ၁၉၅၁ခုနှစ်၊ ဆိုင်များနှင့် အလုပ်ဌာနများ အက်ဥပဒေ၊ မီးရထားအက်ဥပဒေ၊ ရေနံမြေအက်ဥပဒေ၊ မြန်မာ့သတ္တုတွင်းဥပဒေနှင့် ရန်ကုန်မြို့ဆိပ်ကမ်း အက်ဥပဒေနှင့် ဆိပ်ကမ်း အက်ဥပဒေတို့နှင့် အကျုံးဝင်သော အလုပ်သမားများ
- တည်ဆဲဥပဒေတစ်ခုခုအရ ခွင့်ရက်နှင့်အလုပ်ပိတ်ရက်များ ခံစားရခြင်းမရှိသည့် အစိုးရလက်အောက်ခံအဖွဲ့၊ဒေသန္တရအာဏာပိုင် လက်အောက်ရှိ အလုပ် သမားများ

## ဥပဒေနှင့်အကျုံးမဝင်သောအလုပ်သမားများ(ပုဒ်မ ၂ (၄) )

- ကိုယ်ပိုင်လုပ်ငန်းမှ မိသားစုများ(အရင်း)
- အမြတ်အစွန်းမှ လုပ်ခ၊ ဝေစုရသူများ
- အိမ်တွင်းကိစ္စအတွက် ခိုင်းစေခံရသူများ
- အခြားတည်ဆဲဥပဒေတခုခုအရ ခွင့်ရက်နှင့်အလုပ်ပိတ်ရက်ကို ခံစားရရှိသည့် အစိုးရ ဝန်ထမ်းများ
- ၁၉၄၉ခုနှစ်၊ အနည်းဆုံးအခကြေးငွေ အက်ဥပဒေအရ ပြဋ္ဌာန်းထားသည့် ခွင့်ရက်နှင့် အလုပ်ပိတ်ရက်ခံစားရသော အလုပ်သမားများ

## ခံစားခွင့် အမျိုးအစားများ

ခွင့်ရက်နှင့်အလုပ်ပိတ်ရက် အက်ဥပဒေအရ-

- ခွင့်ရက်
- အများအလုပ်ပိတ်ရက်

## ခွင့်ရက်များ

## ရှောင်တခင်ခွင့်ရက် (ပုဒ်မ - ၅ )

- လစာပြည့်ဖြင့် တစ်နှစ်လျှင် (၆)ရက် ရထိုက်ခွင့်ရှိသည်။
- တစ်ကြိမ်လျှင်(၃)ရက် ယူနိုင်သည်။
  (သို့ရာတွင် ကုန်းလမ်းခရီးဖြင့်ဖြစ်စေ၊ ရေလမ်းခရီးဖြင့်ဖြစ်စေ ခရီးဝေးသွားရန် (သို့မဟုတ်) မိမိကိုးကွယ်သည့် ဘာသာ ဓလေ့ထုံးတမ်း စဉ်လာအရ အကြောင်းထူး ရှိလျှင် မှအပ)
- အခြားခွင့်နှင့် ပေါင်းစပ်ယူခွင့်မရှိ။
- သက်ဆိုင်ရာနှစ်တွင် မယူက ပျက်ပြယ်သည်။

**ဆေးလက်မှတ်ခွင့်ရက် (ပုဒ်မ - ၆ )**

- ပုဒ်မ (၆)အရလုပ်ခလစာပြည့်ဖြင့်တစ်နှစ်လျှင်(၃၀)ရက် ရရှိပါသည်။
- လုပ်သက် (၆)လပြည့်သူ။
- လုပ်သက်(၆)လ မပြည့်က လစာမဲ့ဖြင့် ခံစားနိုင်သည်။
- လုပ်သက်ခွင့်နှင့်ပေါင်းစပ်ယူနိုင်သည်။
- သက်ဆိုင်ရာနှစ်တွင် မယူက ပျက်ပြယ်သည်။
- သက်ဆိုင်ရာဆရာဝန်၏ ဆေးလက်မှတ် တင်ပြရမည်။

**လုပ်သက်ခွင့် (ပုဒ်မ - ၄ )**

- တစ်ဆက်တည်း (၁၂)လပြည့်အောင် လုပ်ကိုင်ခဲ့သော အလုပ်သမားအသီးသီးအား နောက်လာမည့် (၁၂)လအတွင်း ပျမ်းမျှလစာငွေဖြင့် လုပ်သက်ခွင့်(၁၀)ရက်ကို ခံစားခွင့်ပြုနိုင်သည်။
- (၂၀)ရက် ပြည့်အောင်မလုပ်ခဲ့သည့် လတိုင်းအတွက်(၁)ရက်နှုန်း ဖြတ်တောက် ခံရမည်။
- အလုပ်ရှင်၊ အလုပ်သမား သဘောတူလျှင် (၃)နှစ်ကာလအထိ စုဆောင်းထားနိုင်သည်။
- ခွင့်မသွားမီ ခွင့်လစာငွေကို ကြိုတင်ထုတ်ပေးရမည်။
- ခွင့်မယူမီ အလုပ်မှ ထွက်၊ ထုတ်၊ သေဆုံးပါက ထိုသူရသင့်သည့် လုပ်သက်ခွင့်များအတွက် လွန်ခဲ့သည့် ရက်ပေါင်း(၃၀)က ရရှိသည့် လစာငွေနှုန်းထားအတိုင်း တွက်ချက်၍ ပေးရမည်။

**အများပြည်သူအလုပ်ပိတ်ရက် (ပုဒ်မ - ၃ )**

- ပြည်ထောင်စု မြန်မာနိုင်ငံအတွင်းရှိ အစိုးရရုံးများ၏ ရုံးပိတ်ရက်များ နည်းတူဖြစ်သည်။
- လုပ်ခလစာအပြည့်ဖြင့် အနားပေးရမည်။ ထိုနေ့ အလုပ်လုပ်ရပါက အခြေခံလစာ(၂)ဆနှင့် ရှားပါးစရိတ် ခံစားခွင့် ရှိသည်။
- အများအလုပ်ပိတ်ရက်သည် ရက်သတ္တပတ် အလုပ် ပိတ်ရက်နှင့် တိုက်ဆိုင်နေပါက အများအလုပ်ပိတ်ရက်အား အခြားအလုပ်ပိတ်ရက်သို့ ပြောင်းလဲခွင့်မရှိ။ ထိုနေ့ကို အများအလုပ်ပိတ်ရက်အဖြစ် မှတ်ယူရမည်။
- အများအလုပ်ပိတ်ရက်တွင် အလုပ်လုပ်ရသော အလုပ်ချိန်သည် (၈)နာရီထက် ကျော်လွန်လုပ်ကိုင်ရသော် ကျော်လွန်လုပ်ကိုင်ရသော အချိန်ပိုနာရီအတွက် အချိန်ပိုခံစားခွင့် ပြုရ မည်။